## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့မှတ်တမ်း

### ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

### (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

### (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ⍰တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၆၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၉၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၃ ရက်၊

(၂) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၃) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၃ ရက်၊

(၄) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၃ ရက်၊

(၅) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၃ ရက်၊

(၆) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၇) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်၊

(၈) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ် ခွင့် ၁ ရက်၊

(၉) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၁၀) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၁၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၃ ရက်၊

(၁၂) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁ ရက်၊

(၁၃) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၁၄) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၁၅) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၃ ရက်၊

(၁၆) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၇) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

(၁၈) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၁၉) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်နှင့်

(၂၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

## မူကြမ်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွင် ဝန်ထမ်းအမျိုးသမီးများအား လုပ်သက်မည်မျှရှိမှ မီးဖွားခွင့်ပေးရမည်ဟု သတ်မှတ်ချက်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ သက်ဆိုင်သောမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းအမျိုးသမီးများဟာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအရ မီးဖွားခွင့်ကို စတင်ခံစားသည့်နေ့မှ ခြောက်လခံစားခွင့်ရရှိကြပါတယ်။ အဆိုပါနည်းဥပဒေများမှာ လုပ်သက်မည်မျှရှိမှ မီးဖွားခွင့်ခံစားရမည်ဟု ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ၎င်းအား စတင်ခန့်ထားပြီးလျှင် နိုင်ငံ့ဝန်ထမ်းဖြစ်သွားသည်ဟု ယူဆတဲ့အတွက် ဝန်ထမ်း၏အခွင့်အရေးကိုပေးရမည်ဖြစ်သည်ဟု ယူဆမိပါတယ်။ တမူးခရိုင်၊ မြို့သစ်မြို့ ကျွန်းပင်သာကျေးရွာမှ တိုင်းရင်းသူတစ်ဦးဟာ မင်းသာတိုက်နယ်ဆေးရုံမှာလုပ်အားပေးဝန်ထမ်းအဖြစ် ငါးနှစ်ခန့်လည်းကောင်း၊ နေ့စားဝန်ထမ်းအဖြစ် သုံးနှစ်ခန့်လည်းကောင်းလုပ်ကိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခဲ့ကြောင်း၊ စက်တင်ဘာလ လစာကိုလည်းပဲ ဌာနမှထုတ်ပေးခဲ့ကြောင်း၊ အောက်တိုဘာလ ၂၈ ရက်မှာ ၎င်းဆေးရုံမှာပင် တက်ရောက်ပြီးတော့မှ မီးဖွားခဲ့ကြောင်း၊ သို့သော်လည်းပဲ ဆေးရုံက အောက်တိုဘာလ လစာကို တာဝန်ထမ်းဆောင်သည်မှာ တစ်နှစ်မပြည့်ဟုယူဆ၍ မီးဖွားခွင့်မပေးဘဲ လစာမဲ့တင်ခိုင်းခဲ့ရာ လစာမရရှိကြောင်း တင်ပြလာခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများတွင် ဝန်ထမ်းအမျိုးသမီးများနှင့်ပတ်သက်၍ မီးဖွားခွင့်များနှင့်စပ်လျဉ်းပြီး သိရှိနိုင်ရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများတွင် ဝန်ထမ်း

အမျိုးသမီးများအား လုပ်သက်မည်မျှရှိမှ မီးဖွားခွင့်ပေးရမည်ဟု သတ်မှတ်ချက်များရှိ/မရှိ။ ရှိပါက ဥပဒေပုဒ်မနှင့် နည်းဥပဒေတို့ကို ဖော်ပြပေးပါရန်နှင့် မရှိပါက အဆိုပါနိုင်ငံ့ဝန်ထမ်းအမျိုးသမီးအား လစာပြည့်မီးဖွားခွင့်ရရှိရေး မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်သူ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော့်အနေဖြင့် ရိုသေလေးစားစွာဖြင့် ဂါရဝပြုအပ်ပါတယ်။ အခုနက စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ တင်ပြမေးမြန်းခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွင် ဝန်ထမ်းအမျိုးသမီးအား လုပ်သက်မည်မျှရှိမှ မီးဖွားခွင့်ပေးရမည်ဟု သတ်မှတ်ချက်ရှိ/မရှိ။ ရှိခဲ့ရင်လည်း ဥပဒေပုဒ်မ၊ နည်းဥပဒေတို့ကို ဖော်ပြပေးဖို့နှင့် အကယ်၍ မရှိဘူးဆိုလို့ရှိရင် တမူးခရိုင်၊ မြို့သစ်မြို့၊ မင်းသာတိုက်နယ်ဆေးရုံမှာ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းအမျိုးသမီးအား လစာပြည့် မီးဖွားခွင့်ရရှိရေး မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပါရှိတဲ့အချက်နှစ်ချက်ကို ခြုံငုံပြီး ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ဦးစွာ ပြဋ္ဌာန်းထုတ်ပြန်ပြီးဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ဝန်ထမ်းအမျိုးသမီးအား မီးဖွားခွင့် ခံစားခွင့်ပြုတဲ့အခါမှာ လုပ်သက်မည်၍မည်မျှရှိရမည်ရယ်လို့ တစ်စုံတရာမျှ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိတဲ့အတွက် ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မည်သည့်ဝန်ထမ်းအမျိုးသမီးမဆို မီးဖွားခွင့်ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၁ နှင့် ၁၀၂ ပါပြဋ္ဌာန်းချက်များနှင့်အညီ အပြည့်အဝခံစားခွင့်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဒီအတွက်လည်း တစ်ဆက်တည်းတင်ပြရမယ်ဆိုလို့ရှိရင် တမူးခရိုင်၊ မြို့သစ်မြို့၊ မင်းသာတိုက်နယ်ဆေးရုံမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းအမျိုးသမီးရဲ့လစာပြည့် မီးဖွားခွင့်ခံစားနိုင်ရေးကိစ္စကို ပြဋ္ဌာန်းထားတဲ့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ရည်ညွှန်းကိုးကားလျက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြလျှောက်ထားရန် အကြံပြုလိုပါကြောင်း ဖြေကြားအပ်ပါတယ်။ တစ်လက်စတည်းမှာပဲ ရာထူးဝန်အဖွဲ့အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ မီးဖွားခွင့်မှရယ်လို့မဟုတ်ပါဘူး။ ဝန်ထမ်းများရဲ့အခွင့်

အရေး၊ နစ်နာဆုံးရှုံးမှုမရှိရစေခြင်းအလို့ငှာ အခက်အခဲဖြစ်စဉ်ပေါ်ပေါက်ခြင်းများ ရှိခဲ့လို့ရှိရင် ရာထူးဝန်အဖွဲ့ကို ဆက်သွယ်ပြီးတော့ အကြံဉာဏ်တောင်းခြင်း၊ သဘောထားမေးခြင်းများပြုမည်ဆိုပါက ကျွန်တော့်အနေနဲ့ ဝန်ထမ်းများရဲ့ နစ်နာဆုံးရှုံးမှုမရှိရစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးဖို့ အမြဲအသင့်ရှိပါကြောင်းလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေကို မိုက်ပေးပါ။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒီလိုရှင်းရှင်းလင်းလင်းဖြေကြားသွားတဲ့အတွက် ဒါ အင်မတန်မှ ကျေးဇူးတင်ပါတယ်။ အောက်ခြေမှာရှိတဲ့ ဌာနဆိုင်ရာအကြီးအကဲများကိုယ်တိုင် သိဖို့လည်းပဲ အားလုံးလိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုနက လစာပြည့်ရဖို့အတွက် ပြန်လည်လျှောက်ထားရန်ဖြစ်ကြောင်းလို့ ဥက္ကဋ္ဌကြီးက ဖြေသွားတာရှိပါတယ်။ ကျွန်တော် ထပ်ဆင့်မေးမြန်းလိုတာကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ဒီလိုဖြစ်နေပြီဆိုတဲ့အနေအထားကိုသိတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနကို ဒါသည် ဥပဒေနှင့်ညီညွတ်ကြောင်း၊ ပေးသင့်ကြောင်း ညွှန်ကြားပေးဖို့ ဒါမှမဟုတ် ဆက်သွယ်ညှိနှိုင်းပေးဖို့ အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။

**ဦးကျော်သူ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ ခုနက တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ထပ်ဆင့်မေးမြန်းတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော် အချုပ်မှာတင်ပြခဲ့သလိုပါပဲ။ အကယ်၍ ရာထူးဝန်အဖွဲ့ကို တိုက်ရိုက်လိပ်စာတပ်ပြီးတော့ ဝန်ထမ်းရဲ့ အခွင့်အရေးနစ်နာဆုံးရှုံးမှုရှိကြောင်း လျှောက်ထားတင်ပြမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဥပဒေ၊ နည်းဥပဒေနဲ့ ဘောင်ညီစွာဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေးလို့ရပါတယ်။ ဒါက တစ်နည်းပါခင်ဗျ။ ဒါမှမဟုတ်လို့ သက်ဆိုင်ရာဝန်ကြီးဌာန အခုဖြစ်စဉ်မှာဆိုလို့ရှိရင်တော့ ကျန်းမာရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကို လျှောက်ထားတဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ဒီဟာသည် ဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ၊ ပေးလို့ရ/မရဆိုတဲ့အဖြေကို သူတို့အနေနဲ့ ဒွိဟဖြစ်လို့ ရာထူးဝန်အဖွဲ့ကို အခြားသောဝန်ကြီးဌာနများကဲ့သို့ ရံဖန်ရံခါမေးလာတတ်သလို၊ မေးလာလို့ရှိရင်လည်း နည်းမှန်လမ်းမှန်ဖြစ်အောင် ကျွန်တော်တို့အနေနဲ့ တည့်မတ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ဖြည့်စွက်ပြီးတော့ အနည်းငယ်တင်ပြလိုတာကတော့ အခုနက ဦးခင်မောင်ရွှေ ပြောကြားတဲ့အထဲမှာလည်း ပါပါတယ်။ ဥပဒေ၊ နည်းဥပဒေဆိုတာ ပြည်ထောင်စု

လွှတ်တော်ကတစ်ဆင့် နောက်အစိုးရအဖွဲ့က အတည်ပြုချက်နဲ့ ထုတ်ပြန်ထားတာဖြစ်ပြီးတော့ ဝန်ကြီးဌာနအားလုံးသည် တစ်ပြေးညီ တိတိကျကျလိုက်နာကြဖို့ဖြစ်ပါတယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရံဖန်ရံခါ အောက်ခြေမှာတော့ သဘောထားလွဲမှားကောက်ယူပြီးတော့ ဝန်ထမ်းတွေအချို့ နစ်နာတာရှိကောင်းရှိမယ်ဆိုတာကိုလည်း ဒါ ကျွန်တော့်အနေနဲ့ လက်ခံပါတယ်။ မကြာခဏဆိုသလိုပဲ ကျွန်တော်တို့ဆီကို သဘောထားမှတ်ချက်တောင်းပြီးတော့ ဖြေရှင်းဖို့အတွက် နည်းလမ်းမေးမြန်းတာတွေလည်း ရှိတတ်ပါတယ်။ ဒီအတွက် ဥက္ကဋ္ဌကြီးမှတ်မိမှာပါ။ ကျွန်တော်တို့ မီးဖွားခွင့်ပါပဲခင်ဗျ။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုဖြစ်လဲဆိုတော့ ဥပဒေ၊ နည်းဥပဒေကိုတော့ ထုတ်ပြီးပြီ။ သို့သော် ဝေးလံခေါင်သီဒေသတွေ၊ နောက် သွားလာရေးခက်ခဲတဲ့ နယ်စွန်နယ်ဖျားဒေသတွေမှာတော့ ဒီဥပဒေက ကျယ်ကျယ်ပြန့်ပြန့်မရောက်တဲ့အတွက် လက်တွေ့(Practice) လုပ်တဲ့အခါမှာ အခက်အခဲလေးတွေ ကြုံတွေ့နေရတယ်ဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦးက တင်ပြတဲ့အတွက် အဲ့ဒီမေးခွန်းကို ကျွန်တော်ဖြေကြားရင်း ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်မှုကို ခံယူပြီးတော့ ကျွန်တော်တို့ သုံးလမ္ဘူသတင်းစာတွေ၊ ဂျာနယ်တွေ၊ Internet Website တွေမှာ သိသင့်သိထိုက်တဲ့နည်းဥပဒေတွေ၊ ဒါတွေကို ဘယ်လိုကျင့်သုံးရပါမယ်။ ဘယ်ဟာတွေဖြင့်ရှောင်ပြီးတော့ ဘယ်ဟာတွေဖြင့် ဆောင်ရပါမယ်ဆိုတာလည်း ကျွန်တော်တို့ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

အခု နောက်ဆုံးအခြေအနေလေးကိုလည်း ကျွန်တော် ထပ်ဆင့်ပြီးတော့ ကျွန်တော်တို့ရဲ့ ကြိုးပမ်းဆောင်ရွက်ချက်ကလေး ကျွန်တော် ဖြည့်စွက်တင်ပြလိုပါတယ်။ အခု အားလုံးသိတဲ့အတိုင်း လူကြီးလူငယ်မရွေး၊ နယ်တွေမှာရော၊ မြို့ကြီးတွေကတော့ အထူးပြောဖို့မလိုပါဘူး။ တော်တော်များများဟာ Mobile Phone လေးတွေ၊ နောက် iPad တွေ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေပြီဖြစ်ပါတယ်။ ဒါကြောင့် ရာထူးဝန်အဖွဲ့က ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေ၊ နောက်တစ်ခါ ဝန်ထမ်းတွေအနေနဲ့လည်း ဝန်ထမ်းတွေအနေနဲ့သာမက Public အနေနဲ့လည်း သိသင့်သိထိုက်တဲ့ ကိစ္စတွေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့အတွက်ကို ကျွန်တော်တို့ Mobile Application မှာ တင်ဖို့ ကျွန်တော်တို့ ကြိုးပမ်းပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒီ Budget Year မကုန်ခင်လောက်မှာ ပြီးလိမ့်မယ်လို့လည်း ကျွန်တော့်အနေနဲ့ ကြိုးစားပြီးတော့ လုပ်ဆောင်နေတာဖြစ်တဲ့အတွက် နောင်ဆိုလို့ရှိရင် ပိုပြီးတော့ ဒီဥပဒေတွေကို နားလည်လာမယ်။ ဒီအတွက်လည်း ပိုပြီးတော့ ကျင့်သုံးလာနိုင်မယ်။ အချုပ်အားဖြင့်တော့ နယ်မှာပဲဖြစ်ဖြစ်၊ မြို့မှာပဲဖြစ်ဖြစ် ဝန်ထမ်းတွေဟာ သူတို့ရသင့်ရထိုက်တာတွေ၊ ဘာတွေဖြစ်ပျက်နေတာတွေ အဲ့ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့်သိပြီးတော့ ပို၍အကျိုး

ရှိလိမ့်မယ်လို့ မျှော်လင့်ပြီးတော့ ကျွန်တော်တို့ ကြိုးစားနေတဲ့အကြောင်းကိုလည်း ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် အသိပေးတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အလုံမြို့နယ်၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်မှ အားကစားကွင်းဟောင်းအား နိုင်ငံတော်ပိုင် အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့စည်းဝင်များနှင့် လွှတ်တော်သို့လေ့လာရေးရောက်ရှိလာကြသော ပွင့်လင်းမြန်မာ့ရှေ့ဆောင်နှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော် အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အလုံမြို့နယ်မှာ မူလအသုံးပြုခဲ့တဲ့ အားကစားကွင်းဟောင်းကို နိုင်ငံပိုင်အားကစား ကွင်းတစ်ကွင်းအဖြစ် သတ်မှတ်ပေးဖို့တင်ပြမေးမြန်းလိုပါတယ်။ အလုံမြို့နယ်မှာ ယခင်က အလုံလမ်းနှင့် ကမ်းနားလမ်းထောင့်မှာ အမှိုက်ပုံဟောင်းနေရာမှာ အားကစားကွင်းအဖြစ် မြို့နယ်အဆင့်၊ ခရိုင်အဆင့်ဘောလုံးပွဲများ ကျင်းပခဲ့တာရှိခဲ့ပါတယ်။ ကျောင်းပေါင်းစုံ ဘောလုံးပွဲများ ပြိုင်ပွဲများအပြင် အခြားအားကစား ပြိုင်ပွဲများကိုပါ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အပြင် ဒီဇင်ဘာ အားကစားလ လူထုလှုပ်ရှားမှုအတွက် အလုံမြို့နယ် အတွက် တစ်ခုတည်းသော အဓိကအားကစားကွင်းကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ ထို့အပြင် ပွဲလမ်းသဘင်ရာသီများမှာလည်း ဈေးပွဲတော်ကျင်းပရာနှင့် အငြိမ့်သဘင်ပြဇာတ်ပွဲ ကျင်းပရာနေရာအဖြစ်လည်း အသုံးပြုခဲ့ပါတယ်။ သို့သော် ၂၀၀၈ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကျိုးပဲ့ပျက်စီးတဲ့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ သစ်ပင်၊ သစ်တော၊ ရန်ကုန်တိုင်းပေါင်းစုံမှာရှိတဲ့ ဒီနာဂစ်ကြောင့်ဖြစ်သွားတဲ့ သစ်ပင်တွေအားလုံး လာရောက်ပုံထားတဲ့အတွက် အားကစားကွင်းကို အသုံးချခွင့်ဆုံးရှုံးခဲ့ရပါတယ်။ ယခု အလုံသိပ္ပံဈေး အသစ်တည်ဆောက်တဲ့အခါမှာ ယာယီဈေးအဖြစ် ဒီနေရာမှာ အသုံးပြုတဲ့အတွက် ကျွန်တော်တို့က ၆နှစ်ကျော်လောက် ဒီကွင်းကို အသုံးပြုခွင့်မရတော့ပါဘူး။ ဒီကွင်းမှာ ကျောက်တံတား၊ လသာ၊ ပန်းဘဲတန်း၊ လမ်းမတော်မြို့နယ်က အားကစားသမားတွေအနေနဲ့လည်း လာရောက်ကစားကြတာကို တွေ့ရပါတယ်။ သို့ပါ၍ ဒီအလုံလမ်းနှင့် ကမ်းနားလမ်းထောင့်မှာ ယခင်ရှိခဲ့တဲ့ ပြည်သူ့အားကစားကွင်းနေရာမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ဓာတ်ဆီဆိုင်တွေ၊ နေရာတွေကို ငှားစားလိုက်တာမျိုး ထပ်မံပြီး မဖြစ်စေချင်တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအနေနဲ့

**မူကြမ်း**

အလုံမြို့နယ် ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်တွင် အားကစားကွင်းအဖြစ် မူလကအသုံးပြုခဲ့သော အားကစားကွင်းဟောင်းအား ပုဂ္ဂလိကပိုင် မဟုတ်သည့် နိုင်ငံတော်ပိုင်အားကစားကွင်းအဖြစ် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ရဲ့ မေးခွန်းနဲ့ပတ်သက်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးသောင်းထိုက်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ် ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်ရှိ သီရိမင်္ဂလာအားကစားကွင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ၁၉၉၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အားကစားကွင်းအဖြစ်တည်ဆောက်ခဲ့ပြီး ယနေ့အထိ တာဝန်ယူထိန်းသိမ်းထားသော အားကစားကွင်း ဖြစ်ပါတယ်။ ယခုမေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ မေးမြန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားချက်ပေါ်မူတည်၍ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဈေးများဌာနက ဆင်မင်း ဈေးဟောင်းအား အဆင့်မြင့်ပြန်လည်တည်ဆောက်ရန် ဖျက်သိမ်းပြီး အထက်ဖော်ပြပါ သီရိမင်္ဂလာအားကစားကွင်း မြေနေရာ၌ ယာယီဈေးအဖြစ် ဖွင့်လှစ်ထားရှိခဲ့ပါတယ်။ ယာယီဖွင့်လှစ်ထားသော ဆင်မင်းဈေးအနေနဲ့ အဆင့်မြင့်တည်ဆောက်လျက်ရှိသော မူလဈေးနေရာသို့ ပြန်လည်ပြောင်းရွှေ့ပြီးပါက ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ သီရိမင်္ဂလာအားကစားကွင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေများ ရရှိပါက အများပြည်သူများအတွက် မြက်ခင်းတုအဆင့်မြင့် ဖူဆယ်ဘောလုံးကွင်းများကို တည်ဆောက်ရန်လျာထားသတ်မှတ်ထားရှိပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျွန်တော်တို့ အားကစားဝန်ကြီးဌာနအနေနဲ့ အဆိုပါမြေနေရာ အားကစားကွင်းကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော်

စည်ပင်သာယာရေးကော်မတီမှ အားကစားဝန်ကြီးဌာနသို့ ပိုင်ဆိုင်မှုအမည်ပေါက်လွှဲပြောင်းပေးနိုင်မှ သာလျှင် နိုင်ငံတော်ပိုင်အားကစားကွင်းအဖြစ်နဲ့ ပြုပြင်ထိန်းသိမ်းခြင်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်းမေးပါလိမ့်မယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီးဖြေသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်းမှာပါတဲ့အတိုင်းပဲ နိုင်ငံတော်ပိုင်အားကစားကွင်းအဖြစ် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးနိုင်ခြင်းဆိုတာကို မေးခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ပိုင်အားကစားကွင်းဖြစ်မှသာ နိုင်ငံတော်အဆင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်မှု လုပ်နိုင်မှာဖြစ်တယ်လို့ ယူဆပါတယ်။ အလုံကွင်းဟာ လုပ်နိုင်ချေရှိတဲ့နေရာလည်းဖြစ်တယ်လို့ သိရပါတယ်။ နိုင်ငံပိုင်အားကစားကွင်းသာ ဖြစ်လိုပါတယ်။ သို့ပါ၍ ပြည်ထောင်စု အဆင့် နိုင်ငံပိုင်အားကစားကွင်းတစ်ကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနမှလည်းကောင်း၊ ပြည်ထောင်စုအစိုးရမှလည်းကောင်း၊ အားကစားဝန်ကြီးဌာနမှ ဆက်လက်တင်ပြ၍ ညှိနှိုင်းကြိုးစားဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါတယ်ခင်ဗျား။

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ ဦးခိုင်မောင်ရည်ရဲ့ တင်ပြချက်ကို ကျွန်တော့်အနေနဲ့ ဆက်လက်တင်ပြပြီး အမြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရာဇဝတ်မှုများ တစ်နေ့တခြား များပြားလာခြင်းအပေါ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေးအတွက် ထိန်းချုပ်နိုင်မှုအခြေအနေရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လူသတ်မှုနှင့် လုယက်မှုဖြစ်စဉ်များ၊ မင်းမဲ့စရိုက်ဆန်ဆန်ရာဇဝတ်မှုခင်းများ ကျူးလွန်မှုတွေဟာ တစ်နေ့တခြား များပြားလာခြင်းအပေါ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေးအတွက် ထိန်းချုပ်နိုင်မှုအခြေအနေရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလကနေပြီးတော့ စက်တင်ဘာလအထိဖြစ်ပွားခဲ့တဲ့ လူသတ်မှုနဲ့ လုယက်မှုတွေဟာ ၂၀၁၃

ခုနှစ်တစ်နှစ်အတွင်းမှာဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်အရေအတွက်ထက် ပိုမိုဖြစ်ပွားခဲ့ကြောင်း။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကနေ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ဖြစ်ပွားခဲ့တဲ့ လူသတ်မှုဖြစ်စဉ်များနဲ့ ၁၂၅ မှုအား တရားစွဲဆိုနိုင်ခဲ့ပြီး လက်ကျန်အမှုဟာ ၂၃ မှုသာ ကျန်ရှိကြောင်း၊ လုယက်မှုဖြစ်စဉ် ၂၄ မှုအား တရားစွဲဆိုနိုင်ခဲ့ပြီး ၁၂ မှုသာတရားစွဲဆိုရန် ကျန်ရှိနေကြောင်း။ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးရဲ့ သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။ သို့သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မှာ ဖြစ်ပွားခဲ့တဲ့ နှစ်လောင်းပြိုင်လူသတ်မှု၊ အင်းလျားကန်စောင်းမှာ လုယက်မှုဖြစ်ပြီး ကားခိုးယူထွက်ပြေးမှု၊ အင်းစိန်မြို့နယ်အတွင်း စားသောက်ဆိုင်တစ်ဆိုင်အား ဝင်ရောက်ပြီးတော့ ဓားပြတိုက်မှု၊ နေ့ခင်းဖက်မှာ ရွှေဆိုင်နဲ့ စတိုးဆိုင်တွေကို ဝင်ရောက်ပြီး ဓားပြတိုက်မှုကျူးလွန်တဲ့နေရာမှာ ဆိုင်တွေမှာ CCTV ကင်မရာတွေတပ်ထားပေမယ့်လို့ တရားခံတွေကို စုံစမ်းဖော်ထုတ်ပြီး ဖမ်းဆီးပေးနိုင်မှုမရှိမှု၊ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းမှာပဲ လူသတ်မှုနဲ့ လူသတ်ပြီးတဲ့နောက်မှာ ရွှေထည်ပစ္စည်းများ ယူဆောင်သွားမှုမှာ ယခုအချိန်ထိ လူ ၅၀ ကျော်ကိုစစ်ဆေးပြီးတယ်ဆိုပေမယ့်လို့ ကျူးလွန်တဲ့တရားခံကို ဖော်ထုတ်ဖမ်းဆီးပေးနိုင်ခြင်းမရှိမှု စတဲ့အမှုတွေဟာ ယခုအချိန်ထိ တရားခံဖမ်းဆီးရမိမှုမရှိဘဲ အများပြည်သူများ ပြည်သူလူထုအနေနဲ့ အထူးပင်စိတ်မှာ စိုးရိမ်ထိတ်လန့်ဖြစ်ရတဲ့အမှုတွေပဲ ဖြစ်ပါတယ်။ ၎င်းအပြင် အုပ်စုဖွဲ့၍ မင်းမဲ့စရိုက်ဆန်ဆန် အပြင်းအထန်ရိုက်နှက်မှုတွေဖြစ်ပွားခဲ့တဲ့ သမ္မတရုပ်ရှင်ရုံအနီးက ရိုက်နှက်မှုနဲ့ သာကေတမြို့နယ်နှင့် ဗဟန်းမြို့နယ်စားသောက်ဆိုင်တွေထဲက ရိုက်နှက်မှုတွေဟာလည်း သတင်းစာနဲ့ဂျာနယ်တွေမှာ အထင်ကရသတင်းတွေအဖြစ် ဖော်ပြချက်တွေရှိခဲ့ပေမယ့်လို့ အရေးယူမှုနှင့် နောက်ဆက်တွဲ မှုခင်းအခြေအနေတို့ကို လုံးဝမသိရတဲ့အပြင် ပုံသဏ္ဌာန်တူအုပ်စုဖွဲ့ရိုက်နှက်မှုများဟာလည်း နေရာအနှံ့အပြားမှာ အများအပြားဖြစ်ပွားနေကြောင်း သတင်းများအရ ကျွန်မတို့သိရှိရပါတယ်။ ထို့အပြင် ညအချိန်မတော် အများပြည်သူသွားလာတဲ့ လမ်းများပေါ်မှာ ပြိုင်ကားနဲ့မော်တော်ကားများ အုပ်စုဖွဲ့မောင်းနှင်ပြီး ရမ်းကားမှုကြောင့် ပြည်သူလူထုအနေနဲ့ ညအချိန်လမ်းထွက်ရမှာကို စိုးရိမ်ကြောင့်ကြပြီး သွားလာနေရတဲ့လူတွေအနေနဲ့လည်း ထိတ်လန့်ကြောက်လန့်စွာသွားလာနေရပါတယ်။ ပြစ်မှုကျူးလွန်တဲ့သူတွေကို ထိရောက်သောပြစ်မှုပြစ်ဒဏ်များ မချမှတ်နိုင်ခြင်းကြောင့် ပိုမိုအတင့်ရဲလာမှုများကိုလည်း သတင်းများအရ ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒါ့ကြောင့်မို့လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ လုံခြုံရေးအတွက် တစ်နေ့တခြားများပြားလာတဲ့မှုခင်းများအပေါ် မှုခင်းကျဆင်းရေးအတွက် ထိန်းချုပ်နိုင်မှုနည်းလမ်းနဲ့ လူအများစိတ်ဝင်စားတဲ့ တရားခံမပေါ်ပေါက်သေးတဲ့မှုခင်းများ

အတွက် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်။ နိုင်ငံတကာအဆင့်မီ ရာဇဝတ်မှုနှိမ်နင်းရေးနည်းလမ်းများကို မည်ကဲ့သို့ကျင့်သုံးဆောင်ရွက်မည်ကို ပြည်သူလူထုကိုယ်စား သိရှိလိုပါသောကြောင့် ဒီမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ဒီအနီးကပ်ကြပ်မတ်မှုနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ သုတေသနအဖွဲ့တွေဖွဲ့စည်းပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ အမိန့်နာခံတတ်တဲ့ တပ်ဖွဲ့ဝင်ကောင်းများဖြစ်စေရန် ရဲစည်းကမ်းဖောက်ဖျက်မှုများ လေ့လာသုံးသပ်ကြီးကြပ်တဲ့ စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကိုလည်းကောင်း၊ တပ်ဖွဲ့ဝင်နဲ့ အသုံးအဆောင်ပစ္စည်းများရဲ့ စွမ်းရည်မြှင့်တင်ရန်အတွက် လေ့လာသုံးသပ်ကြီးကြပ်တဲ့ စွမ်းရည်မြှင့်တင်မှုကြီးကြပ်ရေးကော်မတီကိုလည်းကောင်း၊ မှုခင်းများ လျော့နည်းပပျောက်စေရန်နှင့် ကြိုတင်ကာကွယ်ရန်အတွက် မှုခင်းဖြစ်ပွားမှုအမျိုးအစားနှင့် အခြေအနေအချိန်အခါတို့ကို လေ့လာစိစစ်သုံးသပ်ကြီးကြပ်သည့် မှုခင်းကျဆင်းရေးကြီးကြပ်မှု ကော်မတီကိုလည်းကောင်း အသီးသီးဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ မှုခင်းဖြစ်နိုင်ခြေရှိသော အကြောင်းတရားများကို အခြေခံပြီး နိုင်ငံတော်အဆင့် မှုခင်းကြိုတင်ကာကွယ်ရေးဖော်ဆောင်နိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်မှ ချမှတ်ထားတဲ့ မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒသဘောတရားရှစ်ခုနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ပြောင်းလဲလာတဲ့ မှုခင်းကြိုတင်ကာကွယ်ရေး အယူအဆများအရ ရဲတပ်ဖွဲ့နှင့်တရားစီရင်ရေးကဏ္ဍအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရ

မဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြစ်မှုဆိုင်ရာကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးများဟာ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲစခန်းမှူးများနှင့်တွေ့ဆုံပြီးတော့ မှုခင်းဖြစ်စဉ်အပေါ် မူတည်ပြီး ရေတိုအစီအမံများ၊ တည်မြဲစီမံချက်များကို အခါမလပ်သုံးသပ်ကာ မှုခင်းဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန်အတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ မှုခင်းကျဆင်းရေးကော်မတီ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီတို့ကိုလည်း နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်များမှာ ဖွဲ့စည်းထားရှိပြီး မှုခင်းကျဆင်းရေးနှင့် ပြစ်မှုကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ် ၆ ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ် ၆ ရပ်ကတော့ အသိပညာပေးခြင်း၊ ကြိုတင် ကာကွယ်မှုများဆောင်ရွက်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ်အကဲဖြတ် ဆန်းစစ်ခြင်း၊ စွမ်းရည်မြှင့်တင်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်ဖြစ်ပြီး နိုင်ငံတကာနဲ့ပတ်သက်တဲ့သံရုံးအဆောက်အဦများ၊ ကုလသမဂ္ဂဆိုင်ရာအဆောက်အဦများ၊ စက်မှုဇုန်များ၊ စီးပွားရေးဆိုင်ရာအဆောက်အဦများ၊ လမ်းတံတားများနဲ့ ပင်လယ်ဆိပ်ကမ်းများတည်ရှိခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းစုံလင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့အတွက် အခြေခံကောင်းမွန်ခြင်းများကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ နေရာဒေသအနှံ့အပြားမှ ရွှေ့ပြောင်းနေထိုင်သူများပြားခြင်း၊ လူတန်းစားစုံလင်ခြင်းနှင့် လူဦးရေထူထပ်သိပ်သည်းခြင်းများလည်း တစ်နေ့တစ်နေ့ တိုးတက်များပြားလျက်ရှိပါတယ်။ အဆိုပါ အကြောင်းအချက်များအပြင် အပျော်အပါးလိုက်စားခြင်း၊ အလွန်အကျွံသောက်စားမူးယစ်ခြင်း၊ ရုတ်တရက်ဒေါသကို မထိန်းနိုင်ခြင်းနဲ့ ရန်ငြိုးထား၍ လက်စားချေခြင်းတို့ကြောင့် တစ်ဦးချင်း ခိုက်ရန်ဖြစ်ပွားကျူးလွန်ခြင်း၊ အုပ်စုဖွဲ့၍ အပြန်အလှန်ဝိုင်းဝန်းရိုက်နှက် ကျူးလွန်ခြင်း၊ လူသတ်မှု၊ လုယက်မှုစတဲ့ မှုခင်းဖြစ်စဉ်များသည် အခြားတိုင်းဒေသကြီး/ပြည်နယ်များထက် ပိုမိုဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ လူဦးရေစုစုပေါင်း ၇၃၅၅၀၇၅ ဦးရှိပြီးတော့ ရဲတပ်ဖွဲ့နှင့် ပြည်သူ ၁း၁၂၂၈ ဦးအချိုးဖြင့် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပါတယ်။

**မှုကြမ်း**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေနဲ့ တိုင်းဒေသကြီးအတွင်းဖြစ်ပွားသော မှုခင်းအမျိုးအစား၊ အခြေအနေနဲ့ နေရာဒေသအလိုက် ထိထိရောက်ရောက်ကာကွယ်တားဆီးထိန်းချုပ်နိုင်ရန် ဥပဒေနှင့် ညီညွတ်သော နည်းလမ်းပေါင်းစုံကိုအသုံးပြုပြီး မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားသောမှုခင်းများဖော်ထုတ်ဖမ်းဆီးတရားစွဲဆိုတင်နိုင်ရေးတို့ကို အပတ်တကုတ် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်းဖြစ်ပွားတဲ့ဖြစ်စဉ်များအပေါ် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးဦးစီး၍ ခရိုင်လေးခုမှ ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ် ၄၄ မြို့နယ်မှ ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ အထူးအဖွဲ့မှ တပ်ခွဲမှူးများ၊ တပ်စုမှူးများကို တွေ့ဆုံကာမှုခင်းဖြစ်စဉ်ပေါ်ကို အခြေတည်၍ ရေတိုအစီအမံများ၊ တည်မြဲစီမံချက်များကို အခါမလပ်သုံးသပ်၍ လူသတ်မှု၊ လုယက်မှု၊ လူအုပ်စုဖြင့်ကျူးလွန်သော မှုခင်းဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန်အတွက် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

ခရိုင်ရဲတပ်ဖွဲ့မှူးများရဲ့ ကြီးကြပ်မှုနဲ့ မှုခင်းကျဆင်းရေးစီမံချက်ပါလုပ်ငန်းများဖြစ်တဲ့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ စာသင်ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ လူမှုရေးအသင်းအဖွဲ့များအတွင်း ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်အတွင်း ပညာပေးဟောပြောမှု ၉၀၂ ကြိမ် ပြည်သူလူထု ၆၆၅၇၇ ဦး၊ ၂၀၁၂ ခုနှစ်မှာ ၃၉၁၁ ကြိမ် ပြည်သူလူထု ၁၃၆၈၈၅ ဦး၊ ၂၀၁၃ ခုနှစ်မှာ ၉၂၉၅ ကြိမ် ပြည်သူလူထု ၃၂၅၃၂၅ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၉၉၆၉ ကြိမ် ပြည်သူလူထု ၁၅၁၅၅၀၁ ဦးတို့ကို ပညာပေးဟောပြောနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများဖြင့် နယ်မြေစိုးမိုးရေးဆောင်ရွက်ခြင်း၊ မှုခင်းဖြစ်ပွားစေနိုင်တဲ့ လောင်းကစား၊ လက်နက်ပုန်း၊ ယစ်မျိုး၊ ပြည့်တန်ဆာ၊ မူယစ်ဆေးဝါး၊ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ၊ ရဲအက်ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄၊ အရေးပေါ်စီမံမှုအက်ဥပဒေ၊ ဆင်ဆာမဲ့ဗီဒီယိုခွေများဖမ်းဆီးမှုစတဲ့ ကြိုတင်ကာကွယ်မှု ၁၀ မျိုးကိုလည်း အရှိန်အဟုန်နဲ့ ဖမ်းဆီးအရေးယူခြင်းများဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်အတွင်း ၂၀၄၂၂ မှု၊ ၂၀၁၂ ခုနှစ်မှာ ၂၅၄၅၇ မှု၊ ၂၀၁၃ ခုနှစ်အတွင်းမှာ ၂၀၀၅၂ မှု၊ ၂၀၁၄ ခုနှစ်အတွင်းမှာ ၈၂၁၄၉ မှုတို့ကိုလည်း ဖမ်းဆီးတရားစွဲဆိုတင်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ လူသတ်မှုနဲ့ လုယက်မှုအခြေအနေတို့ကိုစိစစ်ရာမှာ ၂၀၁၁ ခုနှစ်မှာ လူသတ်မှု ၁၅၅ မှုဖြစ်ပွားခဲ့ရာ ၁၄၆ မှု ၉၄ ရာခိုင်နှုန်း တရားစွဲဆိုတင်ပို့နိုင်ခဲ့ပြီး လုယက်မှု ၄၇ မှု ဖြစ်ပွားရာ ၃၂ မှု ၆၈ ရာခိုင်နှုန်း တရားစွဲဆိုတင်နိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ လူသတ်မှု ၁၆၄ မှုဖြစ်ပွားခဲ့ရာ ၁၅၆ မှု ၉၅ ရာခိုင်နှုန်း တရားစွဲဆိုတင်နိုင်ခဲ့ပြီး၊ လုယက်မှု ၃၀ မှု ဖြစ်ပွားရာ ၂၆ မှု ၈၆ ရာခိုင်နှုန်း တရားစွဲဆိုတင်နိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ

လူသတ်မှု ၁၃၀ မှု ဖြစ်ပွားခဲ့ပြီး ၁၂၀ မှု ၉၃ ရာခိုင်နှုန်း တရားစွဲဆိုတင်နိုင်ခဲ့ပြီး လုယက်မှု ၃၃ မှုဖြစ်ပွားခဲ့ရာ ၂၅ မှု ၇၅ ရာခိုင်နှုန်း တရားစွဲဆိုတင်နိုင်ခဲ့ပါတယ်။ ၂၀၁၄ခုနှစ်မှာ လူသတ်မှု ၁၈၆ မှု ဖြစ်ပွားခဲ့ရာ ၁၇၂ မှု ၉၂.၄၇ ရာခိုင်နှုန်း တရားစွဲဆိုတင်နိုင်ခဲ့ပြီး လုယက်မှု ၄၈ မှုဖြစ်ပွားခဲ့ရာ ၃၅ မှု ၇၂.၉၁ ရာခိုင်နှုန်း တရားစွဲဆိုတင်နိုင်ခဲ့ပါတယ်။ လူအုပ်စုဖြင့် ကျူးလွန်တဲ့ပြစ်မှု မှုခင်းဖြစ်စဉ်များမှာ ၂၀၁၁ ခုနှစ်မှာ ဖြစ်ပွားခြင်းမရှိဘဲ၊ ၂၀၁၂ ခုနှစ်မှာ တစ်မှု၊ ၂၀၁၃ ခုနှစ်မှာ ငါးမှုနှင့် ၂၀၁၄ ခုနှစ်မှာ သုံးမှုဖြစ်ပွားခဲ့ပြီးကျူးလွန်တဲ့ တရားခံအားလုံးကိုလည်း ဖမ်းဆီးတရားစွဲဆိုနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ အောင်မြင်စွာဖော်ထုတ် ဖမ်းဆီးတရားစွဲတင်နိုင်ခြင်းမှာ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးကဏ္ဍအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းတို့ ကြောင့်ဖြစ်ကြောင်းလည်း သုံးသပ်တွေ့ရှိရပါတယ်။

ယခုအခါမှာ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်တဲ့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းလုံခြုံရေးကိစ္စရပ်များကိုပိုမိုခိုင် မာစွာဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဥရောပသမဂ္ဂမှတာဝန်ရှိသူများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၂ မြို့နယ်မှာ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် သင်တန်း၊ တရားဥပဒေစိုးမိုးရေးအတွက် လူစုလူဝေးထိန်းသိမ်းနည်းသင်တန်း၊ လုံခြုံရေးဆိုင်ရာ သင်တန်းများ၊ သတင်းမီဒီယာဆိုင်ရာသင်တန်းများကိုလည်း ဖွင့်လှစ်လေ့ကျင့်ဆောင်ရွက်လျက်ရှိပါ တယ်။ အဆိုပါသင်တန်းများကို ပို့ချနိုင်မှုကြောင့် ရဲတပ်ဖွဲ့ဝင်များအနေနဲ့ ပြည်သူလူထုအပေါ် လေးစား စွာဆက်ဆံတတ်တဲ့ အလေ့အကျင့်ကောင်းများရရှိခြင်း၊ ပြည်သူများအနေဖြင့် ရဲလုပ်ငန်းအပေါ် သက်ဝင်ယုံကြည်လာပြီး ပြဋ္ဌာန်းထားတဲ့ဥပဒေများကို သိရှိနားလည်သည်နဲ့အမျှ လေးစားလိုက်နာမှုပိုမို ရရှိလာခြင်း၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက် ဖြေရှင်းနိုင်တဲ့ အလေ့အကျင့်ကောင်းများရရှိခြင်းတို့ကြောင့် တရားဥပဒေစိုးမိုးမှုအခြေအနေများ ပိုမို တိုးတက်မြင့်မားလာပြီး ဖြစ်ပွားသောမှုခင်းများကို ရက်ပိုင်းအတွင်းဖြစ်စဉ်ဖြစ်ရပ်အမှန်နှင့် ကျူးလွန်သူ များကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ အလားတူ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်လည်း အောင်မြင်မှုရရှိရေးအတွက်ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း ဖြစ်ပွားလျက်ရှိသောလူသတ်မှုနှင့် လုယက်မှုဖြစ်စဉ်များ၊ လူအုပ်စုဖြင့် ကျူးလွန်သောမင်းမဲ့ စရိုက်ဆန်ဆန် ရာဇဝတ်မှု မှုခင်းကျူးလွန်ခြင်းများကို ထိန်းချုပ်

နိုင်ရန်အတွက် ရဲတပ်ဖွဲ့တွင်သာ တာဝန်ရှိသည်ဟူသော ရှေးရိုးစွဲလက်ခံယုံကြည်မှုအား ပယ်ဖျောက်၍ ကဏ္ဍပေါင်းစုံ စုပေါင်းလုပ်ဆောင်ရန်တာဝန်ရှိ သည်ဟူသောအသိဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ နိုင်ငံသားအားလုံးတို့ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပွားသောမှုခင်းများကိုလည်း ရာနှုန်းပြည့်နီးပါး ဖော်ထုတ်တရားစွဲဆိုနိုင်ခဲ့ပြီး အောင်မြင်မှုများရရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူလူထုတစ်ရပ်လုံးက တည်ဆဲဥပဒေများအား လိုက်နာဆောင်ရွက်ခြင်း၊ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် စွမ်းအားပြည့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပိုမိုတိုးမြှင့်နိုင်ပါက တရားဥပဒေစိုးမိုးရေး ခိုင်မာလာပြီးတော့ မှုခင်းဖြစ်စဉ်များကို ပိုမိုထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ဒီနေ့အတွက် မေးခွန်းများ၊ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ကိုကျော်၍ အစီအစဉ် ၇ ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့် ရှောက်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၂၁ ချက်ကို သဘောတူသင့်ကြောင်းနဲ့ ၁၉ ချက်နဲ့စပ်လျဉ်းပြီး သဘောထားကွဲလွဲကြောင်း တင်ပြလာပါတယ်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကိုဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် များအပေါ် ပြည်သူ့လွှတ်တော်ကနေပြီး ဥပဒေကြမ်းကော်မတီ၏ ရှင်းလင်းတင်ပြချက်ကို တင်ပြ သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ၂၁-၁-၂၀၁၅ ရက်နေ့မှာ ပြင်ဆင် ချက်အဆိုတင်သွင်းတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပင်လောင်းမဲဆန္ဒနယ်က ဦးခွန်မောင်သောင်း နဲ့ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်အပါအဝင် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင် ရေးရာနှင့်ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအဖွဲ့ဝင်များ ဥပဒေရေးရာနှင့် အထူးကိစ္စရပ် များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဥပဒေပြုရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်း အဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ အမျိုးသားလွှတ်တော်မှာ ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များ အနက်မှ အောက်ဖော်ပြပါအချက် ၂၁ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း လက်ခံရန် သဘောတူညီခဲ့ကြပါတယ်။ အဲ့ဒီ ၂၁ ချက်ကတော့ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)၊ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)၊ အသစ် ဖြည့်စွက်ချက်၊ အပိုဒ် ၄ အပိုဒ်ခွဲ(ည) အသစ်ဖြည့်စွက်ချက်၊ အပိုဒ် ၅၊ အခန်း(၅) အပိုဒ် ၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ) အသစ်ဖြည့်စွက်ချက်၊ အပိုဒ် ၉ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၉ အပိုဒ်ခွဲ( ဈ)၊ အခန်း(၆) အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈၊ အခန်း(၇) အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အခန်း(၈) အပိုဒ် ၂၃၊ အပိုဒ် ၂၄ နှင့် အပိုဒ် ၂၅၊ အခန်း(၉) အပိုဒ် ၂၇ အသစ်ဖြည့်စွက်ချက်၊ အပိုဒ် ၃၀ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် ၂၁ ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါ ရန်နှင့် ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် များအတိုင်း သဘောမတူဘဲ သဘောထားကွဲလွဲသည့် အချက် ၁၉ ချက်မှာ အောက်ပါအတိုင်းဖြစ် ပါသည်-

အခန်း(၁) အပိုဒ်၂ အပိုဒ်ခွဲ(က)၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ (င)

အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(စ)၊ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အခန်း(၃) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ အပိုဒ်ခွဲ(စ)၊ အခန်း (၅) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၉ အပိုဒ်ခွဲ(င)၊ အမျိုးသားလွှတ်တော်၏အသစ်ဖြည့်စွက်ချက် အပိုဒ် ၉ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၉ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၁၀၊ အမျိုးသားလွှတ်တော်၏အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၂၊ အမျိုးသားလွှတ်တော်၏အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃၊ အခန်း(၆) အပိုဒ် ၁၇၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် အပိုဒ် ၁၆၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် အပိုဒ် ၁၈၊ အခန်း(၉) အပိုဒ် ၃၂။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲသည့်အချက် ၁၉ ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ။

[ကွဲလွဲချက်ဇယားအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၂၁ ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီကတင်ပြသွားတဲ့ ၂၁ ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်းနှင့် ၎င်းဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၁၉ ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် ၁၉ ချက်အား အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင်ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များမှ ၁၉ ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) အရ ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုကို တင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ယနေ့ဆွေးနွေးဆုံးဖြတ်ခဲ့ရာ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည့် အချက် ၁၉ ချက်ရှိခဲ့ပါတယ်။ ထိုသို့ သဘောထားကွဲလွဲသည့်အချက် ၁၉ ချက်အား ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ပါကြောင်း အဆိုအား လွှတ်တော်သို့လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုတင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်

အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်သဘောထား ကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင်ဆွေးနွေးရန် တင်ပြသင့်ကြောင်းအဆိုကို ကျွန်တော် ပြည်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ ၁၉ ချက်နဲ့ပတ်သက်ပြီး သဘောထားကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ၁၉ ချက် သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကိုမိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊၁၀း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကိုမိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်က ကျေးလက်နေပြည်သူများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် မြို့ပြနှင့် ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုအဆင့်အတန်းကွာဟချက် ကျဉ်းမြောင်းရေးတို့အတွက် သင့်တင့်သည့်ကျေးရွာ တိုင်းတွင် သားဖွားဆရာမတစ်ဦးစီ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ငါးနှစ်စီမံကိန်းတစ်ရပ် ရေးဆွဲဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေက အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ အဆိုကို တင်သွင်းဖို့ ဦးသိန်းဆွေအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့အဆိုတစ်ရပ်ကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော် တင်ပြထားတဲ့အဆိုကတော့ ကျေးလက်နေပြည်သူများရဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် မြို့ပြနှင့် ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုအဆင့် အတန်း ကွာဟချက်ကျဉ်းမြောင်းရေးတို့အတွက် သင့်တင့်တဲ့ကျေးရွာတိုင်းမှာ သားဖွားဆရာမတစ်ဦးစီ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ငါးနှစ်စီမံကိန်းတစ်ရပ်ရေးဆွဲဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုဖို့ ဥက္ကဋ္ဌကြီးအား တင်ပြအပ် ပါတယ်ခင်ဗျာ။ ဒီအဆိုကို တင်ပြရတဲ့ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ လူဦးရေစုစုပေါင်း ၅၁.၂ သန်းရှိပါတယ်။ ကျေးလက်ဒေသ မှာ ၃၅.၃ သန်းနေထိုင်တဲ့အတွက် လူဦးရေစုစုပေါင်းရဲ့ ၇၀.၄ ရာခိုင်နှုန်းဟာ ကျေးလက်နေပြည်သူ များဖြစ်ကြပါတယ်။ နိုင်ငံတော်မှာ ကျေးရွာစုစုပေါင်း ၆၃၈၉၃ ရွာရှိပြီးတော့မှ အထူးသဖြင့် အဲ့ဒီကျေးရွာများဟာ လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့နယ်စပ်ဒေသနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်

အသီးသီးမှာ ကျေးရွာအများစု တည်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်နေပြည်သူများရဲ့ အခြေခံကျန်းမာရေး စောင့်ရှောက်မှုအဆင့်အတန်းမြင့်မားအောင်ဆောင်ရွက်ခြင်းသည် တစ်တိုင်းပြည်လုံးရဲ့ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာရေးကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် နှီးနွယ်တဲ့ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ၊ MDG Goal မှာပါဝင်တယ်။ ဆင်းရဲနွမ်းပါးမှုနှင့် စားနပ်ရိက္ခာချို့တဲ့မှု မှပပျောက်စေရန်၊ ကလေးသေဆုံးမှုလျော့ကျစေရန်၊ မိခင်နှင့် ကလေးကျန်းမာရေးမြှင့်တင်ရန်၊ HIV/AIDS ရောဂါ၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါတိုက်ဖျက်ရန်စတဲ့ ရည်မှန်းချက်များ ပြည့်မီရေးမှာ ကျေးလက်နေပြည်သူများရဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်မှသာ အဆိုပါရည်မှန်းချက်များ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အလားတူပါပဲ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်နှစ်ရပ်ကတော့ လူတိုင်းသက်စေ့၊ သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေးနဲ့ လူတိုင်း ရောဂါဘယကင်းရှင်းရေးတို့ဖြစ်ပါတယ်။

အဲ့ဒီရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ နည်းလမ်းသုံးရပ်အဖြစ်လည်း ချမှတ်ထားပါတယ်။ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသပေးခြင်းဟု သတ်မှတ်ထားတာဖြစ်တဲ့အတွက် အဆိုပါရည်မှန်းချက်နဲ့နည်းလမ်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးမှာ အများစုဖြစ်တဲ့ ကျေးလက်နေပြည်သူများရဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လက်တွေ့ကျကျထိရောက်အောင် ဆောင်ရွက်နိုင်မှုအပေါ်တွင် အဓိကမူတည်နေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ကျန်းမာရေးကဏ္ဍဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ကျန်းမာရေးစနစ်ကြီးတစ်ခုလုံးအတွက် ကာကွယ်ရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဟူတဲ့ အဓိကကျတဲ့လုပ်ငန်းစဉ်သုံးရပ်ရှိတဲ့အနက်မှ ကာကွယ်ရေးလုပ်ငန်းသည် အခြေခံအကျဆုံးသောလုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ပါတယ်။ ကာကွယ်ရေးနှင့် ပညာပေးရေးလုပ်ငန်းကို ပြည်သူအများစုနေထိုင်တဲ့ ကျေးလက်ဒေသများမှာ ပိုမိုတိုးချဲ့လုပ်ဆောင်ရမှာဖြစ်ပြီးတော့မှ အဲ့ဒီလိုလုပ်ဆောင်ခြင်းဖြင့် ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကိုလည်းပဲ များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများအတွက် ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများကို ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများက အဓိကဆောင်ရွက်ပေးနိုင်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများမှာ

သားဖွားဆရာမများဟာ ပြည်သူများနှင့် အနီးကပ်ထိတွေ့ပြီးတော့မှ အဓိကအခန်းကဏ္ဍမှ လုပ်ကိုင်နေကြသူများဖြစ်ပါတယ်။ သားဖွားဆရာမ ကျေးရွာများသို့ရောက်ရှိရေးသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကာကွယ်ရေး၊ ပညာပေးရေးလုပ်ငန်းများကို ပိုမိုထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများကလည်း မိမိတို့ကျေးရွာမှာ သားဖွားဆရာမတစ်ဦးရရှိရေးအတွက် အမြဲတမ်းတောင်းဆိုတင်ပြလျက်ရှိပါတယ်။ သင့်တင့်တဲ့ကျေးရွာတိုင်းမှာ သားဖွားဆရာမတစ်ဦးစီ ခန့်အပ်တာဝန်ပေးမယ်ဆိုလို့ရှိရင် ကာကွယ်ရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုလုပ်ငန်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများအပါအဝင် ကျန်းမာရေးအသိပညာပေးရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများရဲ့ အခြေခံကြပ်မတ်စောင့်ရှောက်မှုလုပ်ငန်းများအားလုံး လက်ရှိအနေအထားထက်ပိုမိုပြီးတော့မှ ထိရောက်စွာဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများသည် ကျေးရွာနှင့်အလှမ်းကွာဝေးတဲ့ ကျေးလက်ဆေးပေးခန်းများ၊ ဆေးရုံများသို့ သွားရောက်ကုသမှု ခံယူမှုမပြုနိုင်တဲ့အတွက် ကျေးရွာမှာရှိတဲ့ ရမ်းကုဆရာများ၊ အရပ်လက်သည်များ၊ ဆေးရောင်းချသူများရဲ့ စပ်ဆေးများနဲ့ လက်တန်းကုသမှုများသာ ခံယူနေကြဆဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မသေဆုံးသင့်ဘဲ သေဆုံးနေရခြင်း၊ ရောဂါကျွမ်းမှ ဆေးရုံ၊ ဆေးခန်းသို့ရောက်ရှိလာခြင်းများ ဖြစ်ပေါ်နေရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ကြိုတင်ကာကွယ်မှု၊ ပညာပေးမှုအားနည်းခြင်း၊ ကျန်းမာရေးအသိနိမ့်ကျခြင်းတို့ကြောင့် မဖြစ်သင့်သည့်ရောဂါများ ဖြစ်ပွားကာ ဆေးရုံများမှာ လူနာများ ပိုမိုများပြားနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်ဆိုတဲ့ ကျန်းမာရေးဆောင်ပုဒ်အတိုင်း ကျေးလက်ဒေသများမှာ ကာကွယ်ရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ဆောင်ခြင်း၊ ဥပမာ သန်းချီရှိနေတဲ့ကျေးလက်ဒေသများတွင် ကာကွယ်ဆေးများ ထိုးပေးနိုင်မယ်ဆိုရင် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများ ကျဆင်းလာနိုင်ပြီးတော့မှ နိုင်ငံတော်တွင်လည်းပဲ ကျန်းမာရေးတိုးတက်လာမှာဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ ယခုအခါ ဝက်သက်နဲ့ဂျိုက်သိုးရောဂါများကိုလည်းပဲ နိုင်ငံတော်တစ်ဝှမ်းလုံးမှာ ဒါ ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်တဲ့အတွက် ဒါကိုလည်းပဲ ကျွန်တော်တို့ ကြိုဆိုရမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့မြို့နယ် ၃၃၀ တွင် ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး လေးသန်းခန့်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ အထက်ပါလုပ်ငန်းများနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်မှာရှိတဲ့ သားဖွားဆရာမများမှ အဓိကအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံမှာ ကျွန်တော်တို့လေ့လာတဲ့

အခါမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် သားဖွားဆရာမ ခွင့်ပြုအင်အား စုစုပေါင်း ၁၁၃၄၆ ဦးပဲရှိပါတယ်။ နိုင်ငံအဝှမ်း ကျေးရွာစုစုပေါင်း ၆၃၈၉၃ ရွာရှိသဖြင့် လက်ရှိဖွဲ့စည်းပုံအနေအထားအရ ပျမ်းမျှကျေးရွာခြောက်ရွာမှာ သားဖွားဆရာမတစ်ဦးသာရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်ဒေသ ကျန်းမာရေးအဆင့်မြှင့်တင်နိုင်ရေးအတွက် ကျေးလက်ဒေသမှာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်မယ့် သားဖွားဆရာမများကို တိုးချဲ့ခန့်ထားပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းများကို အရန်သားဖွားဆရာမများ၊ ကျန်းမာရေးလုပ်သားများနဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများ၊ နိုင်ငံတကာအကူအညီများဖြင့် လုပ်ဆောင်နေတယ်လို့ ဆိုစရာရှိသော်လည်းပဲ အရန်သားဖွားဆရာမများဟာ အမြဲတမ်းဝန်ထမ်းများမဟုတ်တဲ့အတွက် အခကြေးငွေယူပြီးတော့မှ ဝန်ဆောင်မှုပေးနေကြရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေလျက်ရှိပါတယ်။ ဒ့ါအပြင် အရန်သားဖွားဆရာမများဟာ မိမိတို့ရဲ့စားဝတ် နေရေးအဆင်ပြေမယ့် လူဦးရေထူထပ်တဲ့ဒေသများမှာ သွားရောက်လုပ်ကိုင်နေကြတာဖြစ်တဲ့အတွက် အမှန်တကယ်လိုအပ်တဲ့ကျေးရွာများမှာ ကျန်းမာရေးစောင့်ရှောက်မှုမရရှိတဲ့အခြေအနေများဖြစ်ပေါ်နေပါတယ်။ ကျေးရွာများမှာ သားဖွားဆရာမများမရှိဖြစ်နေသော်လည်းပဲ သင်တန်းဆင်းပြီးဖြစ်တဲ့ သားဖွားဆရာမများမှာ နှစ်အတန်ကြာတဲ့အထိ အလုပ်ခန့်အပ်ခြင်းမခံရတဲ့အတွက် ပြင်ပတွင်လုပ်ကိုင်နေကြကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ဒီလိုဖြစ်ရခြင်းမှာ ကျွန်တော်တို့ ဖွဲ့စည်းပုံအရခန့်အပ်အင်အားနည်းပါးနေတဲ့အတွက် သင်တန်းဆင်းသော်လည်းပဲ ဒီလိုအလုပ်မရဘဲနဲ့ ကျေးရွာများမှာလည်းပဲ ကျွန်တော်တို့ သားဖွားဆရာမမရောက်ရှိဘဲနဲ့ ဖြစ်ရခြင်းအကြောင်းအရင်းတစ်ချက်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ သင့်တင့်တဲ့ကျေးရွာတိုင်းမှာ သားဖွားဆရာမတစ်ဦးစီ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး လုပ်ဆောင်မယ်ဆိုပါက စီမံကိန်းတစ်ရပ်ရေးဆွဲပြီးတော့မှ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အဲ့ဒီစီမံကိန်းမှာ သားဖွားဆရာမဖွဲ့စည်းပုံပြင်ဆင်ခြင်း၊ သားဖွားဆရာမလေ့ကျင့်မွေးထုတ်ရေး စီမံချက်ရေးဆွဲခြင်း၊ ဘတ်ဂျက်ခွဲဝေသတ်မှတ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် သတ်မှတ်ထားတဲ့သတ်မှတ်ချက်များကို ပြင်ဆင်ခြင်း စတဲ့လုပ်ငန်းများကို လုပ်ဆောင်သွားရမှာဖြစ်တယ်လို့ ကျွန်တော် မြင်မိပါတယ်။ ကျေးရွာများမှာ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများလုပ်ဆောင်နိုင်ရန် ဘတ်ဂျက်မြင့်မားမှုလိုအပ်မှုမြင့်မားလာနိုင်တယ်လို့ ဆိုနိုင်စရာရှိသော်လည်းပဲလောလောဆယ်အဆောက်အဦများ ဆောက်လုပ်ပေးစရာမလိုဘဲနဲ့ သားဖွားဆရာမနှင့် လိုအပ်နေတဲ့

ဆေးဝါးများရရှိမယ်ဆိုရင် ကျေးရွာများမှာ သားဖွားဆရာမများအတွက် နေရာထိုင်ခင်းကိစ္စများကို အဆင်ပြေစွာ စီစဉ်ဆောင်ရွက်ပေးနိုင်တဲ့အခြေအနေရှိပါတယ်။ ဒါ့အပြင် ဒေသခံသင်တန်းဆင်း သားဖွားဆရာမများကို သက်ဆိုင်ရာဒေသများ၌ ခန့်အပ်တာဝန်ပေးအပ်ခြင်းဖြင့် နေရာထိုင်ခင်းကိစ္စ ကိုအဆင်ပြေစွာ ဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။ အဆောက်အဦဆောက်လုပ်ရန်ကိစ္စတွေကို တော့ နောင် နိုင်ငံတော်ဘတ်ဂျက်အခြေအနေတွေအပေါ် မူတည်ပြီးတော့မှ အဆင့်ဆင့်တည်ဆောက် ပေးသွားနိုင်မယ်ဆိုရင်လည်းပဲ အဆင်ပြေစွာဆောင်ရွက်နိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ကျေးလက်နေပြည်သူလူထုအတွက် အခြေခံကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီးတော့မှ ကျန်းမာရေးဌာနရဲ့ ရည်မှန်းချက် အကောင်အထည်ဖော်ချမှတ်နိုင်တဲ့နည်းလမ်းများဖြစ်တဲ့ ကျေးလက် ဒေသအောက်ခြေ အထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာရင် ထိရောက် စွာကုသပေးခြင်း လုပ်ငန်းများကို ထိရောက်အောင်မြင်ရေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေး ဝန်ဆောင်မှု လွှမ်းခြုံမှုစနစ် Universal Health Coverage ရဲ့အစိတ်အပိုင်းဖြစ်တယ်။ မရှိမဖြစ် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရေးစီမံချက် Essential Health Services Access များအောင်မြင်ရေး၊ ကျန်းမာရေးနှင့်နှီးနွယ်တဲ့ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီ ရေးအတွက် များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျေးလက်နေပြည်သူများရဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင် ရွက်နိုင်ရေးနဲ့ မြို့ပြနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ကွာဟချက် ကျဉ်းမြောင်းရေးတို့အတွက် သင့်တင့်တဲ့ကျေးရွာတိုင်းမှာ သားဖွားဆရာမတစ်ဦးစီ ခန့်အပ်တာဝန်ပေး နိုင်ရေး ငါးနှစ်စီမံကိန်းတစ်ရပ် ရေးဆွဲဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်း ကြောင်းအဆိုအား လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ဒီအဆိုကို ကျွန်မက ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးမူဝါဒ(ကက)မှာ နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝတဲ့၊ ပြီးပြည့်စုံတဲ့ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီခံစားရရှိ နိုင်ရန် စီမံဆောင်ရွက်ရေးဟူ၍လည်းကောင်း၊ မူဝါဒ(ဂဂ)မှာ ကျေးလက်၊ မြို့ပြဆင်ခြေဖုန်းနဲ့ နယ်စပ်

ဒေသကျန်းမာရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးဟူ၍လည်းကောင်း၊ မူဝါဒ(ဃဃ)မှာ ပြည်သူ့ဗဟိုပြုကျန်းမာရေးဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးဟူ၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ရည်မှန်းချက်(ခခ)တွင် မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံရေးအတွက် အစပျိုးဆောင်ရွက်ရန်ဟူ၍လည်းကောင်း၊ ရည်မှန်းချက်(စစ)တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက်နှင့်အညီ အခြေခံကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဟူ၍လည်းကောင်း ဖော်ပြရေးသားထားတာကို တွေ့ရှိရပါတယ်ရှင်။ ကျန်းမာရေးဝန်ကြီးဌာန၏မူဝါဒ၊ ရည်မှန်းချက်များမှာ ကျေးလက်နှင့်မြို့ပြတစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ လူတိုင်းလက်လှမ်းမီတဲ့ ပြည်သူ့ဗဟိုပြုကျန်းမာရေးဝန်ဆောင်မှုစနစ် တိုးတက်ဖွံ့ဖြိုးရန်ရည်ရွယ်၍ ချမှတ်ထားသည်ကိုတွေ့ရတဲ့အတွက် အလွန်ပင်အားရကျေနပ်မိပါတယ်ရှင်။ တစ်နည်းအားဖြင့် အဆိုရှင်၏အဆိုတွင်ဖော်ပြထားတဲ့ မြို့ပြနှင့်ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ကွာဟချက်ကျဉ်းမြောင်းရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်ကိုလည်း မြင်တွေ့နိုင်ပါတယ်။ လက်ရှိကျန်းမာရေးဝန်ဆောင်မှုအား မြင်တွေ့နေရသည်မှာ မြို့ကြီးပြကြီးများ၌ အစိုးရဆေးရုံကြီးများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ပြင်ပဆေးခန်းဖွင့်လှစ်ထားသော ဆရာဝန်များ ပြည့်စုံလုံလောက်စွာရှိနေသလောက် နယ်ရှိဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် ဆရာဝန်တစ်ဦး၊ နှစ်ဦးစသာတွေ့ရှိနေရပါတယ်။

တချို့သောကျေးလက်ကျန်းမာရေးဌာနများတွင် ကျန်းမာရေးဝန်ထမ်းများပြည့်စုံအောင်ရှိမနေခြင်းမှာလည်း မြို့ကြီးများသို့ သွားရောက်ဆေးမကုသနိုင်တဲ့၊ ဆင်းရဲတဲ့ကျေးလက်နေပြည်သူများ၏ အသက်နှင့်ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံတော်အနေဖြင့် ဥပေက္ခာပြုထားသကဲ့သို့ဖြစ်နေပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့အထက်ဖော်ပြပါမူဝါဒ ရည်မှန်းချက်များနှင့်လည်း ဆန့်ကျင်ကွဲလွဲနေသည်ကို တွေ့မြင်နိုင်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက် နေပြည်သူများဖြစ်ကြပါတယ်။ ၎င်းကျေးလက်နေပြည်သူများကို ကျန်းမာရေးဝန်ဆောင်မှု ပြည့်စုံအောင်မပေးနိုင်တဲ့အတွက် ကိုယ်ဝန်ဆောင်မိခင်လောင်းအမျိုးသမီးများနှင့် မွေးကင်းစကလေးငယ် များသေဆုံးမှုတွေများပြားနေကြောင်းကိုလည်း ဝမ်းနည်းဖွယ်ရာကြားသိနေရပါတယ်။ နေပြည်တော်၊ ရန်ကုန်ကဲ့သို့သော မြို့ကြီးများတွင် ဆေးရုံကြီးများရှိသင့်သကဲ့သို့ ဆင်းရဲနွမ်းပါး၍ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲတဲ့ကျေးရွာများတွင် အနည်းဆုံးသားဖွားဆရာမတစ်ဦးတော့ ရှိသင့်သည်ကို ကိုယ်ချင်းစာတတ်တဲ့သူတိုင်း နားလည်လက်ခံပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါတယ်။ ဆင်းရဲ/ချမ်းသာမရွေး၊ ပညာရှိ/ပညာမဲ့မရွေး၊ အရာရှိ/အရာမဲ့မရွေး လူတိုင်းလူတိုင်းဟာ မိမိ၏အသက်ကို တန်ဖိုး

ထားတတ်ကြပါတယ်။ ချစ်မြတ်နိုးကြပါတယ်။ အသက်သေမှာကို လွန်စွာကြောက်ရွံ့ကြပါတယ်။ သို့ပါသောကြောင့် သင့်တင့်သည့်ကျေးရွာတိုင်းတွင် သားဖွားဆရာမတစ်ဦးစီ ခန့်အပ်တာဝန်ပေးလိုက်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများကို ကျန်းမာရေးအသိများ တိုးပွားစေနိုင်ပြီးတော့ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် မွေးကင်းစကလေးငယ်များကြုံတွေ့နေကြရသည့် အသက်အန္တရာယ်ဆုံးရှုံးမှုဒဏ်များမှလည်း ကင်းဝေးစေနိုင်မှာ ဖြစ်ပါတယ်။

ရိုသေလေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ သို့ဖြစ်ပါ၍ ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်မှ တင်သွင်းတဲ့ ကျေးလက်နေပြည်သူများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် မြို့ပြနှင့်ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကွာဟချက်ကျဉ်းမြောင်းရေးတို့အတွက် သင့်တင့်သည့်ကျေးရွာတိုင်းတွင် သားဖွားဆရာမတစ်ဦးစီ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ငါးနှစ်စီမံကိန်းတစ်ရပ် ရေးဆွဲဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို ရသေ့တောင်မဲဆန္ဒနယ်က ကျွန်မ ဒေါ်ခင်စောဝေမှ လှိုက်လှိုက်လှဲလှဲထောက်ခံအပ်ပါကြောင်းတင်ပြအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေရဲ့အဆိုအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နေပြည်တော်ကောင်စီနယ်မြေနှင့်တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုမှာ ကျေးရွာအုပ်စု ၁၃၆၁၈ ၊ ကျေးရွာပေါင်း ၆၄၁၃၄ ရွာပါဝင်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသကျန်းမာရေးဖွံ့ဖြိုးမှုကို ဦးစားပေးကဏ္ဍအနေနဲ့စဉ်းစားပြီးတော့ ပြည်သူလူထုကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျေးရွာပေါင်း ၆၀၇ ရွာမှာ တိုက်နယ်ဆေးရုံ ၆၀၇ ရုံ၊ တိုက်နယ်ကျန်းမာရေးဌာနများဖွင့်ပြီးတော့ ကျေးရွာပေါင်း ၁၉၆၉ ရွာမှာ ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲများမှာတော့ သားဖွားဆရာမစုစုပေါင်း ကိုယ်စားလှယ်တော်ကြီးတင်ပြသွားသလို ၁၁၃၄၆ ဦးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ၉၇၅၈ ဦးတို့ကို ခန့်ထားပြီးတော့ ကျေးရွာအုပ်စုများမှာ

ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ပထမအဆင့်အနေနဲ့ ကျေးရွာအုပ်စုတိုင်းကို ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအခြေအနေမှာ ကျေးရွာတိုင်း၌ ကျေးလက်ကျန်းမာရေးဌာနခွဲအနေဖြင့် ဖွင့်လှစ်ပြီးတော့ သားဖွားဆရာမတစ်ဦးစီ ခန့်ထားပေးနိုင်ခြင်း မရှိသေးသော်လည်း နှစ်စဉ်မြို့နယ်များရဲ့ လိုအပ်ချက်နှင့်အညီ ဦးစားပေးအလိုက် ကျေးလက်ကျန်းမာရေးဌာန ၆၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အနည်းဆုံး ၂၄၀ နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ရန်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်း ငါးနှစ် စီမံကိန်းမှာ ထည့်သွင်းရေးဆွဲထားပြီးလည်းဖြစ်ပါတယ်။ ကျန်းမာရေးဦးစီးဌာနအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်မယ်ဆိုရင် သားဖွားဆရာမတစ်ဦးနှင့် ကြီးကြပ်(၂)တစ်ဦး စုစုပေါင်းနှစ်ဦးကိုခန့်ထားပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ လက်ရှိလူ့စွမ်းအားအရင်းအမြစ် မွေးထုတ်မှုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနကနေ နှစ်စဉ်သူနာပြုနှင့်သားဖွားဆရာမများကို တိုးမြှင့်မွေးထုတ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ သားဖွားသင်တန်းကျောင်း ၂၀ အပါအဝင် သူနာပြု/သားဖွားနှင့် နှီးနွှယ်သင်တန်းကျောင်း စုစုပေါင်း ၄၆ ကျောင်းဖွင့်လှစ်ပြီးတော့ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကစပြီးတော့ နေပြည်တော်ကောင်စီမှာ သူနာပြုသင်တန်းကျောင်းတစ်ကျောင်း၊ သားဖွားသင်တန်းကျောင်းတစ်ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့မှာသူနာပြုသင်တန်းကျောင်း တစ်ကျောင်းနှင့်သားဖွားသင်တန်းကျောင်းတစ်ကျောင်း စုစုပေါင်းလေးကျောင်း ထပ်မံဖွင့်လှစ်ပြီးတော့ နိုင်ငံတော်အတွင်း လိုအပ်တဲ့သားဖွားဆရာမများကို တိုးမြှင့်မွေးထုတ်ပေးသွားမည်ဖြစ်ပါတယ်။

သို့ပါ၍ ၂၀၁၅ ခုနှစ်မှာ သားဖွားသင်တန်းကျောင်း စုစုပေါင်း ၂၂ ကျောင်းအထိ ဖွင့်လှစ်နိုင်ပြီး တစ်နှစ်လျှင် ခန့်မှန်းသင်တန်းသူဦးရေ ၂၀၁၇ ခုနှစ်မှာ ၁၄၀၀ ဦးမွေးထုတ်ပေးနိုင်မည်ဖြစ်ပါတယ်။ လက်ရှိမွေးထုတ်ပြီးသား သားဖွားဆရာမ အလုပ်မရသေးတဲ့ ၃၀၀၀ ခန့်နဲ့ ခုနကမွေးထုတ်နိုင်မယ့်ဟာကို တွက်မယ်ဆိုရင် ၂၀၂၀ ခုနှစ် နောက်ထပ်ငါးနှစ်ကြာတဲ့အခါမှာ စုစုပေါင်း ၂၃၆၁၅ ဦးကို မွေးထုတ်နိုင်ပြီးတော့ ၎င်းတို့ကိုခန့်ထားရေးအတွက်ဆောင်ရွက်နိုင်မယ်ဆိုရင် ကျေးရွာပေါင်း ၆၃၈၉၃ ရွာအတွက် သင့်တင့်တဲ့ကျေးရွာ ၂ ရွာ သို့မဟုတ် ၃ ရွာအတွင်းမှာ သားဖွားဆရာမတစ်ဦးကို ကျွန်တော်တို့ ခန့်ထားဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါတယ်။ လက်ရှိ၌ သားဖွားဆရာမများ ခန့်ထားနိုင်ခြင်းမရှိသေးမီမှာတော့ ကျေးလက်ဒေသက သင့်လျော်သူများကိုရွေးချယ်ပြီးတော့ အရန်သားဖွား

ဆရာမသင်တန်း ခြောက်လသင်တန်းများပေးပြီး ကျေးလက်များမှာ ပြန်လည်တာဝန်ထမ်းဆောင်ရေး အတွက် ရွာတိုင်းမှာရှိစေရေးအတွက်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ထို့အပြင် လိုအပ်တဲ့ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ တိုးချဲ့ဆောင်ရွက်ရန်လည်း စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါသဖြင့် ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ကျေးရွာတိုင်းမှာ သားဖွားဆရာမ တစ်ဦး ခန့်အပ်ရန်အတွက်အဆိုအား မှတ်တမ်းတင်ထားသင့်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးသိန်းဆွေရဲ့ သဘောထားကိုပြောပါ။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြတဲ့အတွက်လည်းပဲ ကျေးဇူးတင်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့ လက်ရှိဖွဲ့စည်းပုံအရ သားဖွား/သူနာပြုဦးရေဟာ ကျွန်တော်အထက်က တင်ပြတဲ့အတိုင်းပဲ စုစုပေါင်းမှာကျွန်တော်တို့ ခွင့်ပြုအင်အားဟာ ၁၁၃၄၆ ဦးပဲရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအင်အားဆက်ပြီးတော့မှ တည်ရှိနေမယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရော၊ ပြည်သူတွေရောတောင်းဆိုတဲ့ သင့်တင့်တဲ့ကျေးရွာတစ်ရွာမှာ တစ်ယောက်ဖြစ်ဖို့ဆိုတာ ၂၀၂၀ လောက်မှ ဖြစ်နိုင်တဲ့အနေအထားဖြစ်ပါတယ်။ လက်ရှိမှာလည်းပဲ လူဦးရေဟာတဖြည်းဖြည်းပဲ တိုးတက်နေပြီးတော့မှ နယ်စပ်ဒေသမှာရှိတဲ့ ပြည်သူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အမှန်တကယ်လိုအပ်မှာဖြစ်တဲ့အတွက် ဝန်ကြီးရဲ့တင်ပြချက်ကိုကျွန်တော်တို့ လေးစားစွာ အသိအမှတ်ပြုသော်လည်းပဲ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူချင်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်က ကျေးလက်နေပြည်သူများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် မြို့ပြနှင့်ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ကွာဟချက်ကျဉ်းမြောင်းရေးတို့အတွက် သင့်တင့်သည့်ကျေးရွာတိုင်းတွင် သားဖွားဆရာမတစ်ဦးစီ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ငါးနှစ်စီမံကိန်းတစ်ရပ် ရေးဆွဲဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု ဆန္ဒမဲပေးတဲ့နည်းလမ်းအသုံးပြု မဲခွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဒုတိယဝန်ကြီးများရဲ့ရှေ့မှာရှိတဲ့ Microphone Card များကို ဖြုတ်ထားပေးပါ။ စက်ခန်းမှ ဆန္ဒမဲပေးနိုင်ဖို့အတွက် စီစဉ်ပေးပါ။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ ၃၂၈၊ ကန့်ကွက်မဲ ၂၊ ကြားနေမဲ ၆။

**မူကြမ်း**

**ဥက္ကဋ္ဌ⊞ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံမဲ ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးသိန်းဆွေတင်သွင်းတဲ့ ကျေးလက်နေပြည်သူများ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် မြို့ပြနှင့်ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုအဆင့်အတန်းကွာဟချက် ကျဉ်းမြောင်းရေးတို့အတွက် သင့်တင့်သည့်ကျေးရွာတိုင်း တွင် သားဖွားဆရာမတစ်ဦးစီ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ငါးနှစ်စီမံကိန်းတစ်ရပ် ရေးဆွဲ ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၀-၁-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆို တင်သွင်းလိုသူများအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂-၂-၂၀၁၅ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို မနက်ဖြန် ၂၉-၁-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၂း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**